# မာတိကာ


အမှာစာ ... ... ... ၄

အခန်း ၁
ကမ္ဘာနှင့်ရာသီဥတု ... ... ... ၅

အခန်း ၂
နှစ်ဟောင်းများကရာသီဥတုနှင့်လတ်တလောရာသီဥတု ... ... ... ၁၁

အခန်း ၃
ပူနွေးလာသောကမ္ဘာကြီး ... ... ... ၁၉

အခန်း ၄
ရာသီဥတုပြောင်းလဲခြင်း ... ... ... ၃၀

အခန်း ၅
ရာသီဥတုပြောင်းလဲခြင်း၏ဒဏ်ကို
လျော့နည်းသက်သာစေခြင်း ... ... ... ၄၃


ဝေါဟာရရှင်းလင်းချက် ၆၂


## ရာသီဥတု

ရာသီဥတုဆိုသည်မှာ နေရာဒေသတစ်ခု၌ အချိန်ကာလတစ်ခုအတွင်း ဖြစ်ပေါ်ပြောင်းလဲခဲ့သော ပျမ်းမျှ မိုးလေဝသအခြေအနေကို ခေါ်သည်။ အများအားဖြင့် နှစ်ပေါင်း ၃၀ ခန့် ကာလအတွင်း ပျမ်းမျှအခြေအနေကို ယူသည်။ မြန်မာနိုင်ငံ၌ မတ် ဧပြီ မေ ဇွန်လများတွင် ပူပြင်းသဖြင့် နွေရာသီ၊ ဇူလိုင် ဩဂုတ် စက်တင်ဘာ အောက်တိုဘာလများတွင် မိုးရွာသဖြင့် မိုးရာသီ၊ နိုဝင်ဘာ ဒီဇင်ဘာ ဇန်နဝါရီ ဖေဖော်ဝါရီလများတွင် အေးသဖြင့် ဆောင်းရာသီဟု သတ်မှတ်သည်။



ထို့ကြောင့် မိုးလေဝသသည် ကာလတိုအတွင်း ဖြစ်ပေါ်သော လေထုအခြေအနေဖြစ်ပြီး ရာသီဥတုသည် နှစ်ပေါင်း ၃၀ ခန့်အတွင်း ဖြစ်ပေါ်ခဲ့သည့်ပျမ်းမျှမိုးလေဝသကို ဆိုလိုသည်။






## လေ့ကျင့်စရာ

၁။ မိုးလေဝသနှင့်ရာသီဥတုတို့သည် အတူတူဖြစ်သည်။ မှန် / မှား

၂။ မြန်မာနိုင်ငံတွင် တစ်နှစ်ပတ်လုံး အေးသည်။ မှန် / မှား

၃။ ကျွန်ုပ်တို့ ရှူသောလေသည် လေထု၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ မှန် / မှား

၄။ ရှည်လျားသော ကာလအတွင်း၌ ဖြစ်ပေါ်သော လေထု၏အခြေအနေကို ရာသီဥတုဟု ခေါ်သည်။ မှန် / မှား

၅။ လေတိုက်ခြင်း၊ မိုးရွာခြင်းနှင့် ပူအိုက်ခြင်းတို့သည် မိုးလေဝသ၏ အစိတ်အပိုင်းများ ဖြစ်သည်။ မှန် / မှား

၆။ ကမ္ဘာသည် သက်ရှိများ ဖြစ်ပေါ်ရှင်သန်နိုင်သည့် တစ်ခုတည်းသော ဂြိုဟ်ဖြစ်သည်။ မှန် / မှား

